KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

၂၀၁၉ခုနှစ်၊ ဇွန်လိုင်လ၊ ၂၁ရက်/ KHRG မှတ်တမ်းလွှာအမှတ် #19-36-I1

---

# ဒူးပလာယာခရိုင် မှုခင်းဆိုင်ရာမှတ်တမ်းလွှာ: ၂၀၁၉ခုနှစ်၊ ဧပြီလတွင် ဝင်းရေးမြို့နယ်ရှိ တပ်မတော်တပ်ပြေးနှစ်ဦးမှ အရပ်သားခုနစ်ဦးအား သတ်ဖြတ်မှု

---

*၂၀၁၉ခုနှစ်၊ ဧပြီလ၊ ၅ရက်နေ့တွင် တပ်မတော်တပ်ပြေးနှစ်ဦးသည် မော်တော်ဆိုင်ကယ်အငြင်းပွားမှုဖြစ်စဉ်မှ က--- ကျေးရွာတွင် နေထိုင်သည့် မူစလင်အရပ်သားရှစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ပါသည်။ ထိုသို့ပစ်ခတ်ရာတွင် အရပ်သားခုနစ်ဦးသေဆုံးခဲ့သည်။ သို့သော် ကျန်ရစ်ခဲ့သောမိသားစုဝင်များသည် သေဆုံးသွားသော ဆွေမျိုးသားချင်းများအတွက် မည်သည့်လျော်ကြေးငွေမှ လက်ခံရရှိခြင်း မရှိပါ။ လက်ရှိတွင် ဒေသခံများ၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေပါသည်။*

---

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | အဖွဲ့လိုက်သတ်ဖြတ်ခြင်း |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၁၉ခုနှစ်၊ ဧပြီလ၊ ၅ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်၊ က---ကျေးရွာ |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | | |
|---|---|---|---|---|
| ***အမည်*** | မ က--- | မောင် မ--- | ဒေါ် စ--- | ဒေါ် ဖ--- (ကျန်ရစ်) |
| **အသက်** | ၃ | ၁ | ၃၈ | ၃၆ |
| **ကျား/မ** | မ | ကျား | မ | မ |
| **မိသားစုရှိ/မရှိ** | မရှိ | မရှိ | ရှိ | ရှိ |
| **အလုပ်အကိုင်** | မရှိ | မရှိ | မရှိ | မရှိ |
| **ကိုးကွယ်သည့်** | အစ္စလမ် | အစ္စလမ် | အစ္စလမ် | အစ္စလမ် |

| | | | | |
|---|---|---|---|---|
| ဘာသာ | | | | |
| ရာထူးအဆင့် | ရွာသား | ရွာသား | ရွာသား | ရွာသား |
| နေရပ် ရွာအမည် | က---ကျေးရွာ | က---ကျေးရွာ | က---ကျေးရွာ | က---ကျေးရွာ |

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| *အမည်* | ဦးလ--- | ဦးဘ--- | ဦးတ--- | မောင်အ--- |
| အသက် | ၄၃ | ၃၈ | ၃၆ | ၉ |
| ကျား/မ | ကျား | ကျား | ကျား | ကျား |
| မိသားစုရှိ/မရှိ | မရှိ | ရှိ | ရှိ | မရှိ |
| အလုပ်အကိုင် | စက်ပြင်ဆရာ | မှီခို | မှီခို | မှီခို |
| ကိုးကွယ်သည့် ဘာသာ | အီစလမ် | အီစလမ် | အီစလမ် | အီစလမ် |
| ရာထူးအဆင့် | ရွာသား | ရွာသား | ရွာသား | ရွာသား |
| နေရပ် ရွာအမည် | က---ကျေးရွာ | က---ကျေးရွာ | က---ကျေးရွာ | က---ကျေးရွာ |

| ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| အမည် | ရာထူး | စစ်ကြောင်း၊တပ်ရင်း၊ တပ်မ | အခြေစိုက်သည့်နေရာ ဒေသ | အထက်အရာရှိ အမည် |
| ငြိမ်းချမ်း | တပ်သား | ခြေမြန်တပ်ရင်း #၂၇၅ | စစ်ဗျူဟာ (၁) က--- | ဗျူဟာမှူး စိုးမိုးကျော် |
| မြင့်ဝေ | တပ်သား | ခြေမြန်တပ်ရင်း #၃၃၉ | စစ်ဗျူဟာ (၁) က--- | ဗျူဟာမှူး စိုးမိုးကျော် |

## <u>အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း</u>

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ သတင်းမှတ်တမ်းပြုစုသူတစ်ဦးသည် ကရင်အမျိုးသားအစည်းအရုံး နှင့် ကရင်အမျိုးသားရဲတပ်ဖွဲ့နှင့် တွေ့ဆုံပြီး မှုခင်းအကြောင်းအရာများကို ဆွေးနွေးခဲ့ပါသည်။ ထို့နောက် သတင်းမှတ်တမ်းပြုစုသူသည် သတင်းအချက်အလက်များ ပိုမိုရရှိရန်အတွက် အခင်းဖြစ်ပွားသောနေရာသို့ သွားရောက်ခဲ့ကြပြီး သေဆုံးသွားသူများ၏ ကျန်ရစ်သူ မိသားစုဝင်များနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၏ သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ ဤသတင်းအချက်အလက်များအား အသတ်ခံရသော မူစလင်ရွာသားများ၏ဆွေမျိုးများနှင့် က---ကျေးရွာရှိ ရွာသားများထံမှ သော်လည်းကောင်း၊ ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အမျိုးသားရဲတပ်ဖွဲ့တို့ထံမှသော်လည်းကောင်း ရယူခဲ့ပါသည်။ |

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

**အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။**

၂၀၁၉ခုနှစ်၊ ဧပြီလ၊ ၅ရက်နေ့တွင် ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်၊ က---ကျေးရွာ၏အပြင်ဖက်တွင် မှုခင်းဖြစ်ပွားခဲ့ပါသည်။ က---ကျေးရွာသည် မြန်မာအစိုးရနှင့် ကေအဲန်ယူအစိုးရတို့မှ ထိန်းချုပ်ထားသော ရောယှက်သည့်နယ်မြေတွင် တည်ရှိသည်။ မနက်ပိုင်း ၁း၃၀ ဝန်းကျင်ခန့်တွင် တပ်မတော်ခြေမြန်တပ်ရင်း အမှတ်#၃၃၉နှင့် ခြေမြန်တပ်ရင်း အမှတ်#၂၇၅မှ တပ်ပြေးနှစ်ဦးဖြစ်သည့် ငြိမ်းချမ်းနှင့် မြင့်ဝေတို့သည် က---ကျေးရွာနှင့် ၁၅မိနစ်ခန့်အကွာအဝေးတွင်ရှိသော ဆိုင်ကယ်ပြင်ဆိုင်တစ်ဆိုင်တွင် ရောက်ရှိခဲ့ပါသည်။ ဆိုင်ပိုင်ရှင်မှ တပ်မတော်တပ်ပြေးနှစ်ဦးအား ဆိုင်ကယ်ပေးရန်ငြင်းဆိုလိုက်သောအခါ တပ်ပြေးတစ်ဦးထဲမှ ၎င်း၏သေနတ်ဖြင့် ဆိုင်ပိုင်ရှင်အား ပစ်သတ်ခဲ့ပါသည်။

ထိုသို့ပစ်ခတ်မှုဖြစ်ပွားရာအနီးတွင် ရောက်ရှိလာသောဆိုင်ပိုင်ရှင်၏ ညီဖြစ်သူမှာလည်း အပစ်ခံခဲ့ရပါသည်။ ထို့နောက် အဆိုပါ တပ်ပြေးနှစ်ဦးသည် အိမ်ထဲသို့ဝင်၍ အမျိုးသမီးတစ်ဦးနှင့် အိပ်မောကျနေသော ကလေးငယ်များအား ပစ်သတ်ခဲ့ပါသည်။ အိမ်မှထွက်ပြေးရန် ကြိုးစားနေသည့်ကျန်ရှိသည့်မိသားစုဝင်များကိုလည်း သေနတ်ဖြင့်ပစ်သတ်ခဲ့ပါသည်။ စုစုပေါင်း ၇နှစ်ဦးသေဆုံးသွားပြီး တစ်ဦးမှာ ဒဏ်ရာရရှိခဲ့ပါသည်။ ထိုကဲ့သို့သော ပစ်ခတ်ခံရသူများသည် ဒေသခံမူစလင်မိသားစုနှစ်စုဝင်များ ဖြစ်ကြပါသည်။

မိသားစုဝင်များထဲမှ တစ်ဦးဖြစ်သော ဦးဖ---သည် ထွက်ပြေးရန် စီစဥ်ခဲ့ပါသည်။ ထို့နောက် ရွာထဲသို့ပြေးသွားပြီး ဖြစ်ပွားခဲ့သောကိစ္စအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဟ--- ထံသို့တင်ပြခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ဖားပရာကျေးရွာရှိ ကရင်အမျိုးသားရဲတပ်ဖွဲ့ထံသို့ ချက်ချင်းအကြောင်းကြားခဲ့ပါသည်။ မနက်ပိုင်း ၁း၅၀ နာရီအချိန်တွင် ကရင်အမျိုးသားရဲတပ်ဖွဲ့တို့သည် မှုခင်းဖြစ်ပွားသောနေရာသို့ ရောက်ရှိလာခဲ့သော်လည်း ပြစ်မှုကျူးလွန်သူများသည် ထွက်ပြေးသွားပြီဖြစ်ပါသည်။ နောက်ပိုင်းတွင် ကရင်အမျိုးသားရဲတပ်ဖွဲ့မှ ပြစ်မှုကျူးလွန်သူတစ်ဦးအား လွတ်ရှမ်းကျေးရွာရှိ KNLA စစ်ဆေးရေးဂိတ်တွင်  ဖမ်းဆီးမိခဲ့ပြီး ကျန်တပ်ပြေးတစ်ဦးကို က---ကျေးရွာအပြင်ဖက်တွင် ဖမ်းဆီးခဲ့သည်။ ထို့နောက် ၎င်းတို့အား တပ်မတော်သို့ လွှဲအပ်ခဲ့ပါသည်။

ပထမတွင် ဘုရားသုံးဆူရှိ မြန်မာအစိုးရရဲအရာရှိတို့သည် အမှုစစ်ဆေးရန်ရည်ရွယ်ချက်ဖြင့် ထိုသေဆုံးသွားခဲ့သော ရွာသားများ၏အလောင်းများအား မမြှုပ်ရန် ကျန်ရစ်သော မိသားစုဝင်များအား တားမြစ်ခဲ့ပါသည်။ နောက်ပိုင်းတွင် KNLA တပ်ရင်းအမှတ်#၁၆သည် ၎င်းတို့မိသားစုမှ ကွယ်လွန်သွားကြသော သူများအား မြေမြှုပ်ရန်အတွက် ခွင့်ပြုခဲ့ပါသည်။ အီစလမ်ဘာသာဝင်များ၏ ယုံကြည်မှုအရ ဤလူသေလောင်းများအား မြေမြှုပ်ခြင်းသည် မြန်နိုင်သမျှမြန်မြန် ပြုလုပ်သင့်ပါသည်။

အဆိုပါတပ်ပြေးနှစ်ဦးသည် အမှုရင်ဆိုင်ရန် စစ်တပ်အချုပ်ခန်းတွင် ဖမ်းချုပ်ထားခဲ့ကြပါသည်။ ထိုတပ်သားနှစ်ဦးအား သေဒဏ်ပေးသင့်ကြောင်း ထိုဒေသတွင် အခြေချသော တပ်မတော်စစ်သားက ကရင်လူ့အခွင့်အရေးအဖွဲ့အား ပြောပြခဲ့ပါသည်။ သို့သော် ဤအမှုအား တပ်မတော်မှ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ခဲ့သည်ကို ဒေသခံများက မသိကြပါ။ တပ်မတော်စစ်သားများမှ ကျူးလွန်သောပြစ်မှုများအား မြန်မာ့စစ်တပ်၏စစ်တရားစီရင်ရေးရုံးက ကိုင်တွယ်ကြပါသည်။ စစ်တရားရုံးမှ ကိုင်တွယ်ဖြေရှင်းသည့်အမှုတို့သည် လူထုရှေ့မှောက်တွင်မဟုတ်သောကြောင့် ဤကဲ့သို့ဖြစ်ပွားနေသည့်အမှုအတွက် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များအား ရရှိရန် အလွန်ခက်ခဲစေပါသည်။

ဤဖြစ်ပွားခဲ့သည့်လူသတ်မှုကို နောက်နေ့မနက်ပိုင်း၌သာ ဒေသခံများက သိရှိခဲ့ကြပါသည်။ အချို့သော သူများသည် ဖြစ်ပွားခဲ့သည့် ဤမှုခင်းကြောင့် ကြောက်ရွံ့နေကြပါသည်။ ဦးဟ---၏ပြောပြချက်များအရ က---စခန်းတွင် အခြေစိုက်သည့်စစ်ဗျူဟာမှ တပ်မတော်တပ်သားများသည် ညဖက်အချိန်တွင် ကျေးရွာအနီးတဝိုက်တွင် လှည့်လည်လှုပ်ရှားနေသောကြောင့် အရပ်သားများလုံခြုံရေးအတွက် စိုးရိမ်မှုများအား ဖြစ်ပေါ်စေပါသည်။ ထိုဒေသတွင် အုပ်ချုပ်ရေးအပိုင်းနှင့် ဦးဆောင်မှုအပိုင်းတို့တွင် အားနည်းနေသောကြောင့် ဤကဲ့သို့သောမှုခင်းများ ဖြစ်စေသည်ဟူ၍လည်း ပြောခဲ့ပါသည်။

မြန်မာအစိုးရနှင့် ကေအဲန်ယူအစိုးရတို့မှ ရောနှောထိန်းချုပ်သည့်စနစ်အောက်တွင် ဖြစ်ပွားလျှက်ရှိနေသော ပြဿနာများကိုဖြေရှင်းရန်နှင့် စစ်တပ်များ ထိုနေရာမှ တပ်ဆုတ်ရန်အတွက် ဦးဟ---က ၎င်း၏အကြံပြုချက်များကို ပြောပြခဲ့သည်။ "*ကျွန်တော်တို့က လူနည်းစုတွေလေ။ အုပ်ချုပ်မှုစနစ်တစ်ခုထဲ ရှိသင့်တာပေါ့။ တပ်မတော်ကတော့ ရပ်ရွာအနီးနားမှာရှိမနေသင့်ဘူး။ ဒီလိုဖြစ်ရပ်မျိုးနောက်ပိုင်း ဖြစ်မလာနိုင်ဘူးလို့ မပြောနိုင်ဘူးလေ။ တစ်ခုခုဖြစ်ပြီးဆိုရင် ကျွန်တော်တို့အတွက်အန္တရယ်ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ တပ်မတော်က ကျောင်းသားတွေရှိတဲ့နေရာ (ကလေးများသည် စခန်း၏ရှေ့ဖြတ်ပြီး ကျောင်းသို့သွားရသည်)နဲ့ သာသနာနယ်မြေတွေမှာ သူတို့ရဲ့စခန်းကို ဆောက်ထားလို့ ဖြစ်တယ်။ ဒါက အပြစ်မဲ့တဲ့ရွာသားတွေ အသက်ခံရတဲ့ဘယ်အချိန်မဆို စိုးရိမ်ထိတ်လန့်မှုတွေ ဖြစ်စေနိုင်တယ်။*"

က---စစ်ဗျူဟာမှ ဗျူဟာမှူး စိုးမိုးကျော်သည် သေဆုံးသွားသောသူများအတွက် နစ်နာကြေးအဖြင့် ကျန်ရစ်သူမိသားစုဝင်များထံသို့ (၅) သန်းကျပ်ပေးရန် ကမ်းလှမ်းခဲ့သော်လည်း ဦးဟ---က ၎င်းတို့သည် သေဆုံးသွားသောသူတစ်ဦးစီအတွက် တစ်ဦးလျှင် (၁၀) သန်းကျပ်ပေးဆောင်ရန် တောင်းဆိုခဲ့ပါသည်။ နောက်ဆုံးတွင် သေဆုံးသွားသော ဆွေမျိုးများအတွက် မည်သည့်လျော်ကြေးငွေမှ မပေးတော့ပေ။

မှုခင်းဖြစ်ပွားစဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဒေါ်ဖ---သည် ဆေးရုံတွင် ကိုယ်ပိုင်စရိတ်ဖြင့် ဆေးကုသမှု ခံယူခဲ့သည်။ ယခု သူမသည် ဆေးရုံတွင် ဆေးကုသမှု ခံယူခဲ့ပြီးဖြစ်သည်။ ဒေသခံ ဘာသာရေးအဖွဲ့အစည်းများမှ သူမအား (၁) သန်းကျပ် ကူညီထောက်ပံ့ခဲ့သည်။ ဗျူဟာမှူး စိုးမိုးကျော်မှလည်း ထိခိုက်နစ်နာမှုအတွက် လျော်ကြေးငွေအဖြစ် သူမအား (၁) သန်းကျပ် ပေးဆောင်ခဲ့ပါသည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| |
|---|
| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| သေဆုံးသွားသူများ၏ ကျန်ရစ်သည့်မိသားစုဆွေမျိုးများမှ ဤသတင်းအချက်အလက်များအား အသုံးပြုရန်ခွင့်ပြုခဲ့ပါသည်။ |




ဤပုံများအား ၂၀၁၉ခုနှစ်၊ ဧပြီလ၌ ဝင်းရေးမြို့နယ်တွင် ရိုက်ယူခဲ့ပါသည်။ အထက်မှ ပုံနှစ်ပုံသည် လူသတ်မှုကျူး လွန်သော တပ်မတော်တပ်ပြေးနှစ်ဦးတို့၏ ပုံပင်ဖြစ်ပါသည်။ အောက်တွင်ပြထားသောပုံနှစ်ပုံသည် ရိုင်ဖယ်သေနတ် နှင့်ကျည်ဆံခွံများအား အခင်းဖြစ်ပွားသောနေရာတွင် တွေ့ရှိခဲ့သည့်ပုံပင်ဖြစ်ပါသည်။ *[ဓာတ်ပုံများ- KNPF နှင့် KHRG]*



ဤပုံများအား ၂၀၁၉ခုနှစ်၊ ဧပြီလ၌ ဝင်းရေးမြို့နယ်တွင် ရိုက်ယူခဲ့ပါသည်။ ဘယ်ဖက်တွင်ရှိသောပုံသည် အသတ်ခံရ သော လူသေလောင်းလေးလောင်း၏ပုံ ဖြစ်ပါသည်။ ညာဖက်တွင်ရှိသောပုံသည် အခင်းဖြစ်ပွားရာနေရာ ဆိုင်ကယ် ပြင်ဆိုင်၏ပုံပင်ဖြစ်ပါသည်။ *[ဓာတ်ပုံများ- KNPF နှင့် KHRG]*